# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)**

**၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်

(က) သတင်းအချက်အလက် (Information) ဆိုရာတွင် အချက်အလက် (Data) မူရင်းစာ (Text) ပုံရိပ်သဏ္ဍာန် (Image) အသံ၊ သင်္ကေတ (Code) ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software) နှင့် အချက်အလက် အစုအဝေး (Data base) တို့ ပါဝင်သည်။

(ခ) အီလက်ထရောနစ်မှတ်တမ်း (Electronic record) ဆိုသည်မှာ သတင်းအချက်အလက် စနစ်တစ်ခုတွင်သော်လည်းကောင်း၊သတင်းအချက်အလက်စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပေးပို့ရေးအတွက်သော်လည်းကောင်း၊ အလင်းတန်းဖြတ်သန်းခြင်းနည်း (Optical means) ဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ သတင်းအချက်အလက် တစ်ခုခုကို ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် ထိန်းသိမ်းသော အထောက်အထားမှတ်တမ်းကို ဆိုလိုသည်။

(ဂ) အီလက်ထရောနစ်အချက်အလက်သတင်းလွှာ (Electronic Data message) ဆိုသည်မှာ အီလက်ထရောနစ် အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic data interchange) ၊ ဖက်စ်၊ အီးမေလ်း၊ ကြေးနန်း၊ တဲလက်စ်နှင့်

တယ်လီကော်ပီတို့ အပါအဝင် အီလက်ထရောနစ် နည်းဖြင့်ဖြစ်စေ၊ အလင်းတန်း ဖြတ်သန်းခြင်း နည်းဖြင့်ဖြစ်စေ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ ဖြစ်ပေါ်စေသော ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကို ဆိုလိုသည်။

(ဃ) ကွန်ပျူတာဆိုသည်မှာ သတင်းအချက်အလက်နှင့် မှတ်တမ်းများရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှတစ်နေရာသို့ပေးပို့ခြင်း၊သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ခြင်း နှင့်လိုအပ်သောအချိန်၌ပြန်လည်ဖော်ထုတ်၍အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာဆိုင်ရာ နှင့်ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်းကိုလည်းကောင်း၊ အီလက် ထရောနစ် နည်းဖြင့် ဖြစ်စေ၊ သံလိုက်ဓါတ်ဖြင့်ဖြစ်စေ၊ အလင်းတန်း ဖြတ်သန်းခြင်းနည်း ဖြင့်ဖြစ်စေ၊ အလားတူအခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ဆောင်ရွက်နိုင်သည့် ပစ္စည်း ကိရိယာကို ဆိုလိုသည်။

(င) ကွန်ပျူတာကွန်ရက် (Computer network) ဆိုသည်မှာ ဂြိုလ်တုမှတဆင့်ဖြစ်စေ၊ အခြားနည်း ပညာတစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ၊ ကွန်ပျူတာအချင်းချင်း ချိတ်ဆက် အသုံးပြုသော ကွန်ရက်စနစ်ကိုဆိုလိုသည်။

(စ) အီလက်ထရောနစ်ထိုးမြဲလက် (Electronic signature) ဆိုသည်မှာ အီလက်ထရောနစ် မှတ်တမ်း၏ ပင်ရင်းစစ်မှန်ကြောင်းနှင့် ပြင်ဆင်မှု သို့မဟုတ် အစားထိုးမှုမရှိကြောင်းတို့ကို အတည်ပြုရန် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့် ဖြစ်စေ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစီစဉ်ထားသည့် သင်္ကေတ သို့မဟုတ် အမှတ်အသားကိုဆိုသည်။

(ဆ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ (Certification authority) ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နိုင်ရန် ကြီးကြပ်မှုအဖွဲ့က ဤဥပဒေထုတ်ပေးသည့် လိုင်စင်ကိုရရှိသော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဇ) သက်သေခံလက်မှတ် (Certificate) ဆိုသည်မှာ လက်မှတ်ရေးထိုးသူနှင့် ထိုးမြဲလက်မှတ် ဖန်တီးသော အချက်အလက်တို့၏ ဆက်နွယ်မှုကို သေချာစေသည့် အီလက်ထရောနစ် အချက်အလက် သတင်းလွှာ သို့မဟုတ် အခြားမှတ်တမ်းအဖြစ် သက်သေခံလက်မှတ်

ထုတ်ပေးပိုင်ခွင့်ရှိသူက ငှားရမ်းသုံးစွဲသူ (Subscriber)အား ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(ဈ) မူလဆောင်ရွက်ပေးပို့သူ (Originator) ဆိုသည်မှာ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာကို ဖန်တီးရန်ဖြစ်စေ၊ စတင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ၊ ဆောင်ရွက်သူသို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက် သတင်းလွှာနှင့် စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူမပါဝင်။

(ည) လက်ခံသူ (Addressee) ဆိုသည်မှာ မူလဆောင်ရွက်ပေးပို့သူက ပေးပို့သည့် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက် သတင်းလွှာကို လက်ခံရရှိစေရန် ရည်ရွယ်သည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူမပါဝင်။

(ဋ) ငှားရမ်းသုံးစွဲသူဆိုသည်မှာသက်သေခံလက်မှတ်တွင်နည်းပညာတစ်ရပ်ရပ်အရအမည် ဖော်ပြထားသော အီလက်ထရောနစ် ထိုးမြဲလက်မှတ်ရေးထိုးသူ အမှတ်ဖြစ်ကြောင်း သတ်မှတ်ခြင်း ခံရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။

(ဌ) ဗဟိုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဍ) ဝန်ကြီးဌာနဆိုသည်မှာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနကို ဆိုသည်။

(ဎ) ကြီးကြပ်မှုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ခေတ်မီတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ် ဆက်သွယ်

ဆောင်ရွက်ရေး နည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်။

(ခ) အီလက်ထရောနစ် ဆက်သွယ်ရေး နည်းပညာဖြင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးနှင့်ပညာရေး ကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်။

(ဂ) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ ပြည်တွင်း ပြည်ပဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ် မှတ်တမ်းနှင့် အီလက်ထရောနစ် အချက်အလက် သတင်းလွှာများ၏စစ်မှန်မှုနှင့်ယုံကြည်စိတ်ချရမှုကို အသိအမှတ်ပြုပြီး ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်။

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ ပြည်တွင်းပြည်ပ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီထုတ်လွှင့်ပေးပို့ခြင်း၊ လက်ခံ ဖမ်းယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ ပြုလုပ်နိုင်ရန်။

(င) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ ထိရောက်လျင်မြန်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## **အခန်း (၃)**

## **သက်ဆိုင်ခြင်း**

၄။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်တွင်းပြည်ပဆက်ဆံမှု၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်မှု၊ စီစဉ်မှု၊ သဘောတူညီမှု၊ ပဋိညာဉ်ချုပ်ဆိုမှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် သိုမှီးထိန်းသိမ်းမှုများ အပါအဝင် စီးပွားရေးနှင့် သက်ဆိုင်သော ကိစ္စရပ်တွင်ဖြစ်စေ၊ စီးပွားရေးနှင့် သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်များတွင်ဖြစ်စေ အသုံးပြုသည့် အီလက်ထရောနစ်မှတ်တမ်းနှင့်အီလက်ထရောနစ် အချက်အလက် သတင်းလွှာ အမျိုးအစား တစ်မျိုးမျိုးနှင့် သက်ဆိုင်စေရမည်။

(ခ) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် ကျူးလွန်လျှင် ဖြစ်စေ၊ ပြည်တွင်းမှ ပြည်ပသို့လည်းကောင်း၊ ပြည်ပမှ ပြည်တွင်းသို့လည်းကောင်း၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို အသုံးပြု၍

ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ –

(က) အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၊ ပုဒ်မခွဲ(ဇ)တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသော သေတမ်းစာ၊

(ခ) လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ–၁၃တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း၊

(ဂ) ယုံကြည်အပ်နှံမှု အက်ဥပဒေပုဒ်မ – ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသောယုံကြည်အပ်နှံမှု၊

(ဃ) ကိုယ်စားလှယ်လွှဲအပ်ခြင်း အက်ဥပဒေအရ ပေးအပ်သောကိုယ်စားလှယ်စာ၊

(င) ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာတမ်းအမှတ်အသားများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများ၊

(ဆ) ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသော ကိစ္စများ။

## အခန်း (၄)

## အီလက်ထရောနစ်နှင့် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည်

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့်တွဲဘက်အတွင်းရေးမှူး တို့ကိုသတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ်ဆက်သွယ်

ဆောင်ရွက်ရေး နည်းပညာကို တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဆိုင်ရာ အတွေ့အကြုံဗဟုသုတ ကြွယ်ဝပြီး ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုဖြစ်စဉ်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ထိရောက်လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှု ပြုလုပ်နိုင်ရေးအတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာမူဝါဒများ၊ ဥပဒေရေးရာများ၊ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေ ရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(င) ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) မိမိ၏လုပ်ငန်းတာဝန်များကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်သောလုပ်ငန်း အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

၈။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သင့်လျော်သည့် အစိုးရဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်တာဝန်ပေးနိုင်သည်။

## အခန်း (၅)

## အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဗဟိုအဖွဲ့သည် —

(က) ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် အီလက်ထရောနစ် ဆက်သွယ်ရေး ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်မှုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကြီးကြပ်မှုအဖွဲ့သည် ဗဟိုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အောက်ပါလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည် –

(က) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ခ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်းသုံးစွဲသူတို့အကြား ဆက်သွယ်ဆောင်ရွက်ရမည့်နည်းလမ်းများကို သတ်မှတ်ခြင်း၊

(ဂ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူကလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် စံများကိုလည်းကောင်း၊ ထိုသူက ထိန်းသိမ်းရမည့် စာရင်းတွင်မှတ်တမ်းတင်ထားရမည့်အသေးစိတ်အချက်အလက်များကိုလည်းကောင်းသတ်မှတ်ခြင်း။

(ဃ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဝန်ထမ်းများတွင်ရှိရမည့် အရည်အချင်းနှင့်လုပ်ငန်းအတွေ့အကြုံများကို သတ်မှတ်ခြင်း၊

(င) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်း သုံးစွဲသူတို့အကြား အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊

(စ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ တစ်ဦးတည်းဖြစ်စေ၊ အခြားသက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်သည့် အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ရေးစနစ် တည်ထောင်မှုကို အကူအညီပေးခြင်း၊

(ဆ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူကထုတ်ဖော်ထားသော အများပြည်သူအသုံးပြုမည့်အသေးစိတ်အချက်အလက်များ ပါဝင်သည့် အချက်အလက်အစုအဝေးကို ထိန်းသိမ်းခြင်း၊

(ဇ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ သိမ်းထိန်းသိမ်းထားသည့် မှတ်တမ်းစာရင်း၊ အချက်အလက်နှင့် အထောက်အထားများကို လိုအပ်ပါက ကူးယူခြင်း၊ မိတ္တူကူးယူခြင်း၊ ထုတ်နုတ်ယူခြင်းနှင့် ယင်းတို့ကို စစ်ဆေးခြင်း၊

(ဈ) ကွန်ပြူတာစနစ်တစ်ခု၏လုပ်ငန်းလည်ပတ်မှုနှင့် ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာကို ဤဥပဒေအရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ အသုံးပြုနေသည် သို့မဟုတ် အသုံးပြုပြီးဖြစ်သည်ဟု သံသယဖြစ်ရန် အကြောင်းရှိပါက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊

(ည) ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်သော အချက်အလက် အထောက်အထားများကို ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဖော်ထုတ်ရယူခြင်း၊

(ဋ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဆောင်ရွက်ချက်များကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းရှိ/ မရှိ စိစစ်နိုင်ရန် လိုအပ်သလို စုံစမ်းစစ်ဆေးခြင်း၊

(ဍ) ပြည်ပနိုင်ငံများ၏ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအား သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုခြင်း၊

(ဎ) မိမိ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဏ) ဗဟိုအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာနကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ ကြီးကြပ်မှုအဖွဲ့သည် လိုအပ်ပါက မိမိ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အဖွဲ့ဖွဲ့စည်း၍ ဖြစ်စေ၊ ကျွမ်းကျင်သူတစ်ဦးဦးအားဖြစ်စေ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှဲအပ်တာဝန်ပေးနိုင်သည်။

## အခန်း (၆)
## သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ

၁၂။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ အဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ရရှိရန် ကြီးကြပ်မှုအဖွဲ့သို့ လျှောက်ထားရမည်။

၁၃။ ကြီးကြပ်မှုအဖွဲ့သည် ပုဒ်မ – ၁၂ အရလိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် –

(က) ကွန်ပျူတာဟတ်ဒ်ဝဲ (Hardware) ၊ ဆော့ဖ်ဝဲနှင့် ကွန်ပျူတာလုပ်ထုံးများကို ဝင်ရောက်နှောက်ယှက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ ဖြစ်ပေါ်ခြင်းမရှိစေရန် ယုံကြည်စိတ်ချရသော စနစ်ကို အသုံးပြုရမည်။

(ခ) မိမိရည်ရွယ်သော လုပ်ငန်း၏ ဆောင်ရွက်မှုနှင့် ကိုက်ညီသော ဝန်ဆောင်မှုလုပ်ငန်းတွင်

သင့်လျော်သော ယုံကြည်အားထားရမှု အဆင့်တစ်ရပ်ကို သတ်မှတ်ပေးရမည်။

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ၏ လျှို့ဝှက်ထားရှိမှုကို လုံခြုံမှု နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသော စံများကို လိုက်နာဆောင်ရွက်ရမည်။

(င) အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြရမည်။

(စ) သက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် သက်ဆိုင်သော မိမိလက်တွေ့ဆောင်ရွက်ပေးနိုင်မှုကို ဖော်ပြရမည်။

(ဆ) ထုတ်ပေးသည့် သက်သေခံလက်မှတ်၏ ယုံကြည်အားထားရမှုကိုဖြစ်စေ၊ တာဝန်ခံနိုင်မှု သို့မဟုတ် အာမခံနိုင်မှုကိုဖြစ်စေ၊ ယင်း၏ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကို ဖြစ်စေ၊ ထိခိုက်စေနိုင်သည့်အချက်များကို ဖော်ပြရမည်။

(ဇ) သက်သေခံလက်မှတ်တွင် ခွင့်ပြုထားသော အခြေအနေကြောင့်ဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ချို့ယွင်းမှုကြောင့်ဖြစ်စေ ထိခိုက်မှုဖြစ်ပေါ်လာနိုင်သော အခြေအနေများရှိလာပါက –

(၁) ထိခိုက်မှုဖြစ်စေနိုင်သည့်ပုဂ္ဂိုလ်အားဖြစ်နိုင်သည့်နည်းလမ်းဖြင့် အသိပေးအကြောင်းကြားရမည်။

(၂) အထက်ပါ အခြေအနေနှင့် ဖြစ်ပေါ်မှုများအတွက် သက်သေခံ လက်မှတ်ကို လက်တွေ့ ဆောင်ရွက်ရာ၌ လိုက်နာရန် သီးခြားသတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဈ) ကြီးကြပ်မှုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ (က) ပုဒ်မ – ၁၃ အရ ထုတ်ပေးသည့် လိုင်စင်ကိုရရှိသော သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့် ရှိသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကို တင်ပြရာတွင် ကြီးကြပ်မှုအဖွဲ့က ထုတ်ပေးသော လိုင်စင်နှင့်အတူ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍

လိုအပ်ပါက ကြီးကြပ်မှုအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံနိုင်သည်။

၁၅။ (က) ပုဒ်မ – ၁၃ အရ ထုတ်ပေးသည့် လိုင်စင်ကိုရရှိသော သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့် ရှိသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကိုတင်ပြရာတွင် ကြီးကြပ်မှုအဖွဲ့ကထုတ်ပေးသောလိုင်စင်နှင့်အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ကြီးကြပ်မှုအဖွဲ့၏ သဘောထားမှတ်ချက်ကို တောင်းခံနိုင်သည်။

## အခန်း (၇)

## ငွားရမ်းသုံးစွဲသူ

၁၆။ (က) ငှားရမ်းသုံးစွဲသူအဖြစ် ဆောင်ရွက်လိုသူသည် သက်သေခံလက်မှတ်ရရှိရန် သတ်မှတ်ချက်များ နှင့်အညီ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူထံ လျှောက်ထားရမည်။

(ခ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူသည်ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ သက်သေခံလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် သက်သေခံ လက်မှတ် ထုတပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၇။ ငှားရမ်းသုံးစွဲသူသည်

(က) အီလက်ထရောနစ် ထိုးမြဲလက်မှတ်ထုတ်ဖော်သည့်အချက်အလက်ဖြင့် တရားဝင်သော ထိုးမြဲ လက်မှတ်ကို အသုံးပြုသည့်အခါ ယင်းထုတ်ဖော်သည့် အချက်အလက်ကို အခြားသူများ တရားမဝင်အသုံးပြုခြင်း မခံရစေရန် ဂရုစိုက်ရမည်။

(ခ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်အတွက် ထုတ်ပေးထားသော သက်သေခံလက်မှတ်ကို ခွင့်ပြုထားသော သတ်တမ်းကာအတွင်း အသုံးပြုရာတွင် မိမိနှင့် သက်ဆိုင်သည့် အကြောင်းအရာများသော်လည်းကောင်း၊ ထပ်မံထည့်သွင်းရန် ဖြစ်သည့် အကြောင်းအရာ များ သော်လည်းကောင်း တိကျပြည့်စုံပြီး မှန်ကန်မှုရှိစေရန် ဂရုစိုက်ရမည်။

(ဂ) အီလက်ထရောနစ်ထိုးမြဲလက်မှတ်ထုတ်ဖော်သည့် အချက်အလက်လျှို့ဝှက်မှုပေါက်ကြားလျှင် ဖြစ်စေ၊ လျှို့ဝှက်မှုပေါက်ကြားနိုင်သည့် အခြေအနေမျိုးရောက်ရှိနေလျှင်ဖြစ်စေ၊ သက်သေခံ

လက်မှတ်ထုတ်ပေးနိုင်ခွင့်ရှိသူက စီစဉ်ပေးသည့်အတိုင်းသော်လည်းကောင်း၊ သင့်လျော်သည့် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိ၏ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် လုပ်ငန်းဆက်စပ်ပတ်သက်နေသူများထံ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အကြောင်းကြားရမည်။

၁၈။ ပုဒ်မ ၁၇ တွင် ဖော်ပြထားသောအချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာဆုံးရှုံးမှု အကျိုးဆက်များအတွက် ၎င်းရယ်သုံးစွဲသူတွင် တာဝန်ရှိစေရမည်။

## အခန်း (၈)

## အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ

၁၉။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရစာဖြင့်ရေးသားရမည်ဟုလည်းကောင်း၊ လက်မှတ်ရေးထိုးရမည်ဟုလည်းကောင်း၊ ပြဋ္ဌာန်းထားသည့် အကြောင်းအရာများကို အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်တို့ဖြင့် ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုလုပ်ထားသော အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များသည် သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်ဘိသကဲ့သို့ တရားဝင်စေရမည်။

၂၀။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည် အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလကမှတ်ပေးပို့ခြင်း၊ လက်ခံရယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် မိမိတို့အချင်းချင်း သီးခြားသဘောတူညီချက်ရှိပါက ထိုသဘောတူညီသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်သည့် ပဋိညာဉ်များ

၂၁။ ပဋိညာဉ်ပြုလုပ်ရာတွင် ပဋိညာဉ်ပြုလုပ်သူများအကြား အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် ကမ်းလှမ်းခြင်း၊ ကမ်းလှမ်းချက်ကို လက်ခံခြင်းနှင့် အခြားလိုအပ်သော အချက်အလက်ပြုလုပ်ခြင်းတို့ကို အီလက်ထရောနစ် နည်းပညာဖြင့် ဆောင်ရွက်နိုင်သည်။

၂၂။ အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက်သတင်းလွှာတို့ကိုမူလဆောင်ရွက်ပေးပို့သူကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ၊ ကိုယ်တိုင်သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူက အလိုအလျောက် ဆောင်ရွက်ရန် စီစဉ်ပြုလုပ်ထားသော သတင်းအချက်အလက်စနစ် ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ်မှတ်တမ်းသို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ လက်ခံသူသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီလိုပါက မူလဆောင်ရွက်ပေးပို့သူ၏ သတင်းအချက်အလက်၊ အီလက်ထရောနစ်မှတ်တမ်းသို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာ အမှတ်အဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ယူပြီး ဆောင်ရွက်ခွင့်ရှိသည် –

(က) လက်ခံသူနှင့် မူလဆောင်ရွက်ပေးပို့သူတို့ သဘောတူညီထားသည့် နည်းလမ်းနှင့်အညီ အသုံးပြုပေးပို့ခဲ့ခြင်း၊

(ခ) မူလဆောင်ရွက်ပေးပို့သူနှင့် ဆက်နွယ်မှုရှိသူကဖြစ်စေ၊ မူလဆောင်ရွက်ပေးပို့သူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ ပေးပို့သည်ကို လက်ခံသူက လက်ခံရရှိခြင်းဖြစ်ပြီး မူလဆောင်ရွက် ပေးပို့သူ အသုံးပြုသည့် နည်းလမ်းဖြင့် ပေးပို့ခဲ့ခြင်း။

၂၄။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာကို ပေးပို့ဆဲဖြစ်စေ၊ မပေးပို့မီဖြစ်စေ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည် –

(က) အောက်ပါတစ်နည်းနည်းဖြင့် လက်ခံရရှိကြောင်းကို အသိအမှတ်ပြုနိုင်သည်

(၁) လက်ခံသူက ကိုယ်တိုင်ဖြစ်စေ၊ အလိုအလျောက်နည်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဆက်သွယ်ပြန်ကြားခြင်း၊

(၂) လက်ခံသူက လက်ခံရရှိပြီးဖြစ်ကြောင်း မူလဆောင်ရွက်ပေးပို့သူသို့ လုံလောက်သော ညွှန်ပြခြင်း။

(ခ) လက်ခံရရှိကြောင်း အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက် ပြုလုပ်နိုင်သည်။

၂၅။ အီလက်ထရောနစ် မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက် သတင်းလွှာ လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိမှသာ အတည်ဖြစ်ရမည်ဟု မူလဆောင်ရွက်ပေးပို့သူက–

(က) သတ်မှတ်ထားသည့်ကိစ္စတွင် လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိခဲ့ခြင်း မရှိလျှင် မူလဆောင်ရွက်ပေးပို့သူက မည်သည့်အခါမျှ ပေးပို့ခဲ့ခြင်းမရှိဟု မှတ်ယူရမည်။

(ခ) သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စတွင် သီးခြားသတ်မှတ်သဘောတူညီထားသည့် အချိန်အတွင်း ဖြစ်စေ၊ အချိန်ကို သတ်မှတ်ထားခြင်းမရှိပါက သင့်လျော်သည့် အချိန်အတွင်း ဖြစ်စေ၊ လက်ခံကြောင်း အသိအမှတ်ပြုချက်ကို မူလဆောင်ရွက် လက်ခံရရှိခြင်းမရှိလျှင် မူလဆောင်ရွက်ပေးပို့သူသည် ထိုသို့မရရှိကြောင်းတစ်ခုခုပြုလုပ် ပေးပို့သူကလက်ခံ သူသို့ အကြောင်းကြားနိုင်သည်။

၂၆။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ပို့လွှတ်သည့်အချိန်နှင့် လက်ခံသည့်အချိန်တို့နှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက်မရှိလျှင်အီလက်ထရောနစ် မှတ်တမ်းသို့မဟုတ် အလက်ထရောနစ် အချက်အလက်သတင်းလွှာကို –

(က) ပို့လွှတ်သည့်အချိန်သည် မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ကိုယ်စားလှယ်၏ ထိန်းချုပ်မှုပြင်ပရှိ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်ဖြစ်သည်။

(ခ) လက်ခံသည့်အချိန်သည် အောက်ပါအတိုင်း ဖြစ်သည် –

(၁) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်။

(၂) လက်ခံသူကသတ်မှတ်ထားခြင်းမရှိသော သတင်းအချက်အလက်စနစ်ကို အသုံးပြုခဲ့ပါက လက်ခံသူက လက်ခံရရှိသည့်အချိန်။

(၃) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်မရှိပါက လက်ခံသူ၏ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်။

(ဂ) စီးပွားရေးလုပ်ငန်းကို တစ်နေရာထက်ပို၍ လုပ်ကိုင်ပါက်

၂၇။ မူလဆောင်ရွက်ပေးပို့သူနှင့်လက်ခံသူတို့သည်

(က) သီးခြားသဘောတူညီချက်မရှိလျှင် မူလဆောင်ရွက်ပေးပို့သူ၏ လုပ်ငန်းတည်ရှိသောနေရာကို ပို့လွှတ်သည့်နေရာဟုလည်းကောင်း၊ လက်ခံသူ၏လုပ်ငန်းတည်ရှိသောနေရာကို လက်ခံသည့် နေရာဟု လည်းကောင်း မှတ်ယူရမည်။ အဓိကစီးပွားရေးလုပ်ငန်းလုပ်ကို သေသည်နေရာကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် နေရာမရှိပါက ထိုသူ အမြဲတမ်း နေထိုင်သောနေရာကိုလည်းကောင်း အဖွဲ့အစည်းဖြစ်ပါက ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် ထားသော နေရာကိုလည်းကောင်း အမြဲတမ်းနေရပ်လိပ်စာဟု မှတ်ယူရမည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်ဖြစ်စေ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် –

(က) သတ်မှတ်ထားသောဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) လိုင်စင်ကိုကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကိုပယ်ဖျက်ခြင်း။

၂၉။ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူသည် ငွားရမ်းသုံးစွဲသူက သက်သေခံလက်မှတ်ပါ စည်းကမ်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်

(က) သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း။

(ခ) သက်သေခံလက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၁)

## ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့် အယူခံခြင်း

၃၀။ (က) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူကသက်သေခံလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ် မကျေနပ်သူသည် အဆိုပါ အမိန့်သို့မဟုတ် ရပ်ရပ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကြီးကြပ်မှုအဖွဲ့ထံ ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၁။ (က) ကြီးကြပ်မှုအဖွဲ့က လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သတ်မှတ်ထားသော ဒဏ်ကြေးငွေ

တပ်ရိုက်ခြင်း၊ လိုင်စင်ကို အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပုဒ်မ – ၃၀ ၊ ပုဒ်မခွဲ(ခ) အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် အဆိုပါအမိန့် ဆုံးဖြတ်ချက်ချသည့်နေ့မှ ၁၀ ရက် သို့မဟုတ် ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် ကြီးကြပ်မှုအဖွဲ့က ချမှတ် သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၂။ ဗဟိုအဖွဲ့က ပုဒ်မ – ၃၁၊ ပုဒ်မခွဲ (ခ)အရ ချမှတ်သည့် အဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး (၇)နှစ်မှ အများဆုံး (၁၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် –

(က) နိုင်ငံတော်၏လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေးရာ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်နိုင်ငံတော်၏စီးပွားရေးသို့မဟုတ်စပ်လျဉ်းသည့် နိုင်ငံတော်၏လျှို့ဝှက်ချက်နှင့်အမျိုးသားယဉ်ကျေးမှုနှင့်သက်ဆိုင်သောသတင်းအချက်အလက်တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

၃၄။ မည်သူမဆို အောက်ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် (၅)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) အီလက်ထရောနစ်မှတ်တမ်း အီလက်ထရောနစ်အချက်အလက် သတင်းလွှာ သို့မဟုတ် ကွန်ပျူတာပရိုဂရမ်တစ်ခုလုံးကိုဖြစ်စေ၊ ပရိုဂရမ်တစ်စိတ်တစ်ဒေသကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပေးပို့ခြင်း၊နှောက်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊

ခိုးယူခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း၊

(ခ) ဆောင်ရွက်ပေးပို့သူနှင့် မူလလက်ခံသူတို့၏ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင် ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မရှိဘဲ ထိုသူ၏ လုံခြုံမှုအဆင့် ထားရှိသောအမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်အသုံးပြုခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ၊ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်းသို့မဟုတ် ပြောင်းလဲခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ ပြုပြင်ခြင်းသို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့် အချက်အလက်ကို ဖြန့်ချိခြင်း။

၃၅။ မည်သည့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ယင်း၏အရာရှိသို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထိုသူအား ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) သက်သေခံလက်မှတ်ရရှိရန်လျှောက်ထားရာတွင်ဖြစ်စေ၊သက်သေခံလက်မှတ်ကို ရပ်ဆိုင်းရန် သို့မဟုတ် ရုပ်သိမ်းရန် တင်ပြရာတွင်မိမိ၏အသုံးပြုခွင့်ကိုဖြစ်စေ အထောက် အထား သို့မဟုတ် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူထံသိလျက်နှင့်မမှန်မကန်တင်ပြခြင်း၊

(ခ) ဤဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်သော ဗဟိုအဖွဲ့နှင့် ယင်းကတာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့နှင့်ယင်းကတာဝန်လွှဲ

အပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဟန့်တားခြင်း၊ နှောက်ယှက်ခြင်း ဖြစ်စေ၊ တားဆီးခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် တောင်းဆိုချက်ကို ဆောင်ရွက်ရန် ဤဥပဒေနှင့် အညီ လိုက်နာရန်ပျက်ကွက်ခြင်း။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)

## အထွေထွေ

၃၉။ အစိုးရဌာန၊ အဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များအတွက် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာဖြင့် ပြုလုပ်ခြင်းကို တရားဝင် အသိအမှတ်ပြု ဆောင်ရွက်ရမည် –

(က) စာတမ်းအမှတ်အသားများကို တင်သွင်းခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ခ) ခွင့်ပြုချက်လိုင်စင်နှင့် သဘောတူညီချက်များ ထုတ်ပေးခြင်း၊

(ဂ) ပေးချေရမည့် ငွေကြေးကို တောင်းဆိုခြင်း၊ ပေးချေခြင်း၊ လက်ခံခြင်းနှင့် လက်ခံပြေစာ ထုတ်ပေးခြင်း။

၄၀။ အီလက်ထရောနစ် နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်သူများသည် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက် သတင်းလွှာတို့၏ လိုအပ်သည့် လုံခြုံမှုအမျိုးအစားနှင့်အဆင့်တို့ကို သတ်မှတ်ပြီး မိမိတို့၏ လိုအပ်ချက်နှင့်ကိုက်သည်သည့် နည်းလမ်းများကို ရွေးချယ်အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ရိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်နှင့်စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၄၂။ ကြီးကြပ်မှုအဖွဲ့သည် ဤဥပဒေအရ ရရန်ရှိသည့် အခကြေးငွေနှင့် ဒဏ်ကြေးငွေများပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရ ကောက်ခံခွင့် ရှိသည်။

၄၃။ ဝန်ကြီးဌာနသည်

(က) အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုအဖွဲ့အဖွဲ့ဝင်များအား ချီးမြှင့်ငွေသတ်မှတ်ခံစားခွင့် ပြုနိုင်သည်၊

(ခ) ဗဟိုအဖွဲ့၏ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည့်အပြင် ကုန်ကျစရိတ်ကိုလည်း ကျခံရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၅။ ဤဥပဒေပါ မည်သည့်ပြစ်မှုကိုမဆို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသည်။

၄၆။ ဤဥပဒေအရ တရားစွဲတင်ပို့သော ပြစ်မှုတစ်ရပ်သည် တရားရုံးရှေ့သို့ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းတင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ အခြားစာရွက်စာတမ်းများ၊အထောက်အထားများနှင့်အတူတင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၇။ သက်သေခံအက်ဥပဒေပုဒ်မ ၄၅ တွင် ရည်ညွှန်းသည့် ကျွမ်းကျင်သူများဆိုသည့် စကားရပ်တွင် ကြီးကြပ်မှုယင်းအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်နှင့် သက်သေခံလက်မှတ်အဖွဲ့၊ ထုတ်ပေးပိုင်ခွင့်ရှိသူတို့ပါဝင်သည်ဟု မှတ်ယူမည်။

၄၈။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်၊ အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် အီလက်ထရောနစ် သတင်းလွှာ၊ ထိုးမြဲလက်မှတ်နှင့် အခြားစာတမ်းအမှတ်အသားများကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ထားသည် ဆိုသည့်အကြောင်းပြချက် တစ်ခုတည်းဖြင့် ဥပဒေအရ အကျိုးသက်ရောက်မှု၊ တရားဝင်မှု သို့မဟုတ် အတည်ဖြစ်မှုကို ငြင်းပယ်ခြင်းမပြုရ။

၄၉။ ဤဥပဒေအရ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သောဗဟိုအဖွဲ့နှင့် ယင်းကတာဝန် ယင်းကတာဝန် လွှဲအပ်ခြင်းခံရသော အဖွဲ့ သို့မဟုတ် လွှဲအပ်ခြင်းခံရသောအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကို ဖြစ်စေ၊ကြီးကြပ်မှုအဖွဲ့နှင့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခွင့်မရှိစေရ။

၅၀။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာပိုင်းဆိုင်ရာစကားရပ်တစ်ခုခု၏ အဓိပ္ပါယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေး

နိုင်သည်။

၅၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုအဖွဲ့နှင့်ဝန်ကြီးဌာနတို့သည်လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ လိုအပ်သောညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ